ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-8-2011) (၆၈၅၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အင်ဒိုနီးရှား ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒိုနီးရှား ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် နေပြည်တော်လွှတ်တော်ရုံးသို့ ဩဂုတ် ၁၉ ရက်ထက်မစော ၂၀ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ် စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ အခြေအနေ (၁၇-၈-၂၀၁၁)

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့် ရှိမည်။

ယခုပြိုင်ပွဲသည် နိုင်ငံတော်အဆင့်ပြိုင်ပွဲ ဖြစ်သည်နှင့်အညီ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အလေးအနက်ထားဆောင်ရွက် ယခင်ပြိုင်ပွဲများ၌ ဘာသာရပ်စုံ၊ အဆင့်စုံ ယှဉ်ပြိုင်မှုအားနည်း ၂၀၀၉ ခုနှစ်ကထက် အရေအတွက်ပိုမိုယှဉ်ပြိုင်နိုင်အောင် ကြိုးစား

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၆

၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ သဘင်၊ ဂီတ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များအား မှာကြားရာတွင် ယခုပြုလုပ်မည့် ပြိုင်ပွဲသည် အမျိုးသားရေးအမြင်ဖြင့် ပြုလုပ်သည့်ပွဲဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဓလေ့စရိုက်များသည် အသွင်သဏ္ဍာန်အားဖြင့် ကွဲပြားသော်လည်း အနှစ်သာရအားဖြင့် အခြေခံတူညီကြပါကြောင်း၊ ယဉ်ကျေးသိမ်မွေ့သည့် အနုပညာရပ်များသည်လည်း အသီးသီး ကြွယ်ဝကြပါကြောင်း။

ယခုပြိုင်ပွဲသည် နိုင်ငံတော်အဆင့်ပြိုင်ပွဲဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြစေလိုကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့⁕

မှန်ကြေးမုံ

၁၇-၈-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည် လက်တွဲညီညီ

ယနေ့ကာလတွင် ခေတ်သစ် စနစ်သစ် နိုင်ငံတော်သစ်ကို အင်နှင့်အားနှင့် အရှိန်အဟုန်ဖြင့် တည်ဆောက်နေကြပြီ။ နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရသည့်တာဝန်သည် ထုထည်ပမာဏ ကြီးမားလှသည်။ နိုင်ငံတော်အစိုးရတစ်ရပ်တည်း တည်ဆောက်၍မရဘဲ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်း၍ လက်တွဲညီညီ ကြိုးပမ်းအားထုတ်ကြခြင်းဖြင့်သာ ရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကအချက်ဖြစ်သည်။ လူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှုရှိရေးသည် ပို၍ အရေးပါလှသည်။ ထို့ကြောင့်ပင် အစိုးရအဆက်ဆက်တို့က တိုင်းရင်းသားချင်း စည်းလုံးညီညွတ်မှုရှိစေရန် အလေးထားတည်ဆောက်လာခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲ စိတ်ဓာတ်များကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရသည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ယွင်းလာခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျခဲ့ကြရသည်။ ယင်းဆူပူတိုက်ခိုက်မှု ဖြစ်ရပ်ဆိုးများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံကို ခါးသီးစွာ ခံစားခဲ့ကြရသည်။

ယင်းသို့ ကြုံတွေ့ခဲ့ကြရသည့် ဆူပူသောင်းကျန်းမှု အနိဋ္ဌာရုံများ မဖြစ်ပေါ်စေရေး ရှောင်ရှားကြရပေမည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို တည်ဆောက်ပြီး တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြရပေမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ကြရပေမည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုငယ်များ ပေါင်းစုထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားချင်းများပီပီ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားကြရပေမည်။ သို့မှသာ အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့နေမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများအားလုံးက နှစ်ပေါင်းများစွာ ရင်းနှီးချစ်ကြည် တည်တံ့ခိုင်မြဲ ဖြစ်ထွန်းနေသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် တည်ငြိမ်အေးချမ်းမှု အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းရင်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် လက်တွဲညီညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည် နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်ကြမည်ဟု သုံးသပ်တင်ပြလိုက်ရပေသည်။ ။

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာ ဗီလာ ဆွန်ဒါရာရာဂျမ် ရှေရှာဒရီ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-အိန္ဒိယ ဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာ ဆွန်ဒါရာရာဂျမ် ရှေရှာဒရီသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ရွှေထီးအိမ်ရာနေ မောင်အောင်မိုးဟိန်းနှင့် မောင်မျိုးဟိန်း အမြွှာညီအစ်ကို၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်ဇာခြည်မြင့်တို့ လက်ခံစဉ်။

(ကြေးမုံ)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၇။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)

(က)	စစ်ကိုင်းတောင်	(ကိုအံ့ကြီး)
(ခ)	ဆုတောင်းပါလေအိမ်သူဆွေ	(ကိုမင်းသူ)
(ဂ)	ဖူးပွင့်ဝေစီဆယ့်နှစ်ရာသီ	(ကိုသန်းလှိုင်)
(ဃ)	မြတ်ဒေသနာ	(သထုံဘသိန်း)

၈။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသမီး)

(က)	သတ္တဌာန	(မသိန်းဟံ/ရတနာဦး)
(ခ)	တစ်ကျော့နှစ်ကျော့တေးကိုသီ	(တင်တင်မြ)
(ဂ)	ပွဲကြိုက်မောင်	(ဒေါ်ကြည်အောင်)
(ဃ)	သုဝဏ္ဏသာမ	(စိန်ပါတီ)

၉။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား)

(က)	ဖြူနီညိုပြာ	(ကိုတင်အောင်သန်း)
(ခ)	ရေခင်းတော်	(ပြည်ဘရှင်)
(ဂ)	အမေ့ပါးကသနပ်ခါး	(တွံတေးသိန်းတန်)
(ဃ)	ဆုတောင်းပတ္ထနာ	(ကိုညွန့်လွင်)

၁၀။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသမီး)

(က)	ဗုဒ္ဓသာသနံစိရံတိဋ္ဌတု	(ချိုပြုံး)
(ခ)	မိဘကျေးဇူးဆပ်ဖူးပြီလားရှင်	(စိန်မြင့်လတ်)
(ဂ)	သည်ဝါဆို	(မေလှမြိုင်)
(ဃ)	မြန်မာ့ကြွေးကြော်သံ	(မေလှမြိုင်)

၁၁။ အခြေခံပညာ(၅-၁၀)အဆင့် (အမျိုးသား)

(က)	ဂီတဗိမာန်	(ကိုမြကြီး)
(ခ)	ကျွန်တော့်မွေးဌာနီ	(သန်းထွန်းလေး)
(ဂ)	ဆရာ	(ထား)
(ဃ)	နီလစိန်ရောင်ခြည်	(ကိုမင်းနောင်)

၁၂။ အခြေခံပညာ(၅-၁၀)အဆင့် (အမျိုးသမီး)

(က)	မြန်မာ့ဂီတလှုပဝေဆာ	(သင်းသင်းမြတ်)
(ခ)	မေမေ	(ခိုင်ဝါ)
(ဂ)	သတိရစရာလေးများ	(အေးဝမ်းတင်တင်လှ)
(ဃ)	ဒိုးကလေး	(ညွန့်ညွန့်စိန်)

(ဆက်လက်ဖော်ပြပါမည်)

ဩဂုတ် ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မလိခ အိမ်ရာ ဘဝမြင့်ရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ CCA ဆိုင်ရာ မူလတန်းအဆင့်သင်တန်း၌ သင်တန်းနည်းပြ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးသန်း သင်တန်းသား ဆရာမများအား သင်ထောက်ကူပစ္စည်းသုံး၍ သင်္ချာဘာသာအား လက်တွေ့သရုပ်ပြ သင်ကြားစဉ်။ (ကြေးမုံ)

အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတကာ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အပျော်စီးသင်္ဘောများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်စွာလုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်း သင်တန်းကို ဩဂုတ် တတိယပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းအတွက် လိုအပ်သော အကူအညီများ အခမဲ့ ကူညီပေးသွားမည်ဖြစ်သည်။ သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course သင်တန်း အပတ်စဉ် အသစ်ကိုလည်း ဩဂုတ် တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများ Star Resources Hospitality & Tourism Management Academy၊ တိုက် (၂၆၇) အခန်း(၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉.၈၂၀၀	၀.၀၃၃၅၃
တရုတ် (ယွမ်)	၆.၃၈၃၆၀	၀.၁၅၆၆၅
အိန္ဒိယ (ရူပီး)	၄၅.၂၉၀၀	၀.၀၂၂၀၈
မလေးရှား (ရင်းဂစ်)	၂.၉၈၁၅၀	၀.၃၃၅၄၀
စင်ကာပူ (ဒေါ်လာ)	၁.၂၀၄၅၅	၀.၈၃၀၈၂
ဂျပန် (ယန်း)	၇၆.၆၈၇၅	၀.၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၂.၉၉	၀.၀၀၀၉၃
ယူရို	၀.၆၉၅၆၇	၁.၄၃၇၄၆
ဗြိတိသျှ (ပေါင်)	၀.၆၁၀၉၇	၁.၆၃၆၇၄

အင်တာနက်။

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)၏ (၄၇)နှစ်မြောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်တည်ထောင်သောနေ့ အထိမ်းအမှတ်နှင့် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရန် အသင်းအမှုဆောင်များ၏ ဒုတိယအကြိမ်အစည်းအဝေးကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ) ကမာရွတ်မြို့နယ်၌ ဩဂုတ် ၁၄ ရက်က ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ယခုနှစ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပရန်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုသဘင် နှစ်(၅၀)ပြည့် အခမ်းအနား (၂၀၁၄) ကို ကျင်းပနိုင်ရေး ဆွေးနွေးကြသည်။

ရန်ကုန် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (Myanmar Institute of Economic Graduate Association-MIEGA) ၏ အမှုဆောင်ပုံမှန်အစည်းအဝေးများကို လတစ်လ၏ ဒုတိယအပတ် (တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ သိရှိလိုပါက ဖုန်း-၀၉-၄၉၃၁၅၆၃၈၊ ၀၉-၄၉၂၃၂၉၀၀နှင့် ၀၉-၇၃၀၉၈၄၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး၊ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နေလင်းတို့ တမူးမြို့ မြို့ပြ လမ်း၊ တံတား လုပ်ငန်းတစ်ရပ်ဖြစ်သော မြတ်သုခလမ်းပေါ်ရှိ အုတ်ခုံခံ သစ်သားတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

✳ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပညာရှင်များစေလွှတ်၍ ပညာရပ်များ ဖြန့်ဖြူးပေးခြင်းနှင့် အထောက်အကူပြု ဆပ်ကော်မတီများဖွဲ့စည်း၍ ဆွေးနွေးခန်းများ၊ ဘာသာရပ်အလိုက် အမေးအဖြေ ကဏ္ဍများကို ဆွေးနွေးဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း။

ယခင်ပြိုင်ပွဲများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘာသာရပ်အစုံ၊ အဆင့်အစုံ ပါဝင်ယှဉ်ပြိုင်မှု အားနည်းသည်ကို တွေ့ရပါကြောင်း၊ ယခုပြိုင်ပွဲတွင် ဘာသာရပ်အစုံ၊ အဆင့်အစုံအားလုံး မပါဝင်သည့်တိုင် ၂၀၀၉ ခုနှစ်ကထက် အရေအတွက် ပိုမိုတိုးတက်ယှဉ်ပြိုင်နိုင်အောင် အလေးအနက်ထား ကြိုးစားကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြိုင်ပွဲ၏ ဦးတည်ချက်များ၊ ကော်မတီ/ဆပ်ကော်မတီ ဖွဲ့စည်းထားမှုအခြေအနေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအနေဖြင့် ပြိုင်ပွဲ၏ အသွင်သဏ္ဌာန် အနှစ်သာရ ထိရောက်မှုနှင့် အရည်အသွေးကောင်းမွန်အောင် ကော်မတီအသစ် ဖွဲ့စည်းထားရှိမှု၊ ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ကော်မတီက ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ စတင်ကျင်းပမည့် အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ကော်မတီ/ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲစိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ တည်းခိုနေရာချထားရေး၊ တည်ခိုရေးစခန်း အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီနှင့် အကဲဖြတ်၊ အမှတ်ပေး ကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာ စာသားစိစစ်ရေး ဆပ်ကော်မတီတို့မှ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး၊ ပြဇာတ်၊ ကွက်စိပ်၊ ဇာတ်သဘင်၊ ရုပ်သေးနှင့် ခေတ်အကြိုက် တေးသီချင်း အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက အလေးအနက် ပါဝင်ဆွေးနွေးကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲများ ကျင်းပနေမှုကို ရုပ်မြင်သံကြားမှတစ်ဆင့် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲများအပြီးတွင် အသွင်သဏ္ဌာန် အနှစ်သာရအပိုင်းတို့တွင် တိုးတက်လာမှုများကို သုံးသပ်နိုင်ရန်အတွက် ဘာသာရပ်အလိုက်အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း။

ပြိုင်ပွဲအောင်မြင်အောင် တက်တက်ကြွကြွ စည်းစည်းလုံးလုံး ဝိုင်းဝန်းဆွေးနွေးကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲ၊ ဇာတ်ဝင်ပန်းချီကားများနှင့် အသုံးပြုမည့် နောက်ခံ Board Design တို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အာအမ်မာတီ အမ် နာတာလီဂါဝါ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် ကြေညာချက်အမှတ် (၄၅/၂၀၁၁)နှင့် ကြေညာချက်အမှတ် (၄၆/၂၀၁၁)တို့ကို ထုတ်ပြန်ပြီး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည်း ၃၀၀၆၅ ဗိုလ်မှူးဇော်ဝမ်း (အစား) ကြည်း ၂၇၃၈၇ ဗိုလ်မှူးမင်းကိုဦးအား လည်းကောင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၂၇၂၆၈ ဗိုလ်မှူးသိန်းဝင်း (အစား) ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝနအား လည်းကောင်း အမည်စာရင်း အစားထိုး ပြောင်းလဲလိုက်သည်။

(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်၊ ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်လာရောက်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် အတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ နံနက်ပိုင်းတွင် အသားကျောက်အတွဲများ ဝယ်ယူရန် ရတနာကုန်သည်များ၏ ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းထားသည့် တင်ဒါပုံးများကို ဖွင့်ဖောက်ရောင်းချရာ ယနေ့အထိ အသားကျောက် အတွဲပေါင်း ၂၀၅ တွဲ ရောင်းချရသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် အတွဲများ အများဆုံးဝယ်ယူသည့် ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့် ကျောက်စိမ်း အသားကျောက်ရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ဆက်လက်ကျင်းပ

၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ကြံခင်းမြို့နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေး

နေပြည်တော် ဩဂုတ် ၁၆

ရောကြံခင်းဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်သည် ကြံခင်းမြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရှေ့တန်းစခန်းနယ်မြေအလိုက် ထုတ်ပေးခြင်း လုပ်ငန်းများကို ဩဂုတ် ၅ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။ ဩဂုတ် ၉ ရက်တွင် ဘက်ရဲရှေ့တန်း စခန်းနယ်မြေရှိ တောင်သူများအား ဘက်ရဲမြို့ မိုယ်းကောင်းဘုရားကြီးဓမ္မာရုံ၌ ချေးငွေများပေးအပ်ပြီး ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး အတွက် ငွေပဒေသာပင် သုံးသိန်းကို ရောကြံခင်းဆန်စပါးအထူးပြု ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်စိုးက ပေးအပ်ရာ ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးသန်းကလည်းကောင်း၊ ဘက်ရဲတိုက်နယ်ဆေးရုံအတွက် ငွေပဒေသာပင် သုံးသိန်းကို ဖြိုးစည်သူကျွန်းစိုက်ခင်းမန်နေဂျာ ဦးအောင်မင်းက ပေးအပ်ရာ ဆေးရုံကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း လက်ခံသည်။

ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီသည် ကြံခင်းမြို့နယ်အတွင်း ရှေ့တန်းစခန်းနယ်မြေလေးခုရှိ အုပ်စု ၃၁ အုပ်စုအတွင်း နေထိုင်သည့် မိုးစပါးစိုက်တောင်သူ ၄၂၁၃ ဦးအား တစ်ဧကလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စိုက်ပျိုးဧက ၁၁၄၅၄ အတွက် ငွေကျပ် သိန်း ၃၄၃၆ ဒသမ ၂၀ ကို ပံ့ပိုးခဲ့သည်။ (သတင်းစဉ်)

စိုက်ပျိုးစရိတ်ထုတ်ပေး

ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်က ကြံခင်းမြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရှေ့တန်းစခန်းနယ်မြေအလိုက် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဗြိတိန်နိုင်ငံ မြောက်ပင်လယ်ရှိ ရှဲလ်ရေနံကုမ္ပဏီပိုင် ဂန်းနက်အယ်လ်ဖာရေနံတူးစင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံ၏ ရေပိုင်နက်အတွင်း အဆိုးရွားဆုံးသော ရေနံယိုဖိတ်မှုဖြစ်ပွား

လန်ဒန် ဩဂုတ် ၁၆

မြောက်ပင်လယ်ရှိ ကမ်းလွန်ရေနံတူးစင်မှ ရေနံယိုဖိတ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံ၏ ရေပိုင်နက်၌ ဆယ်စုနှစ်တစ်စုအတွင်း အကြီးကျယ်ဆုံးသောရေနံယိုဖိတ်မှုဖြစ်ရပ်ဖြစ်ကြောင်း သတင်းဌာနများက ဩဂုတ် ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

စကော့တလန် ပင်လယ်ကမ်းရိုးတန်းပေါ်ရှိ အဘာဒင်းမြို့၏ အရှေ့ဘက် ကီလိုမီတာ ၁၈၀ အကွာ၌ တည်ရှိသော ဂန်းနက်အယ်လ်ဖာ ရေနံတူးစင်မှ ရေနံ ၂၁၆တန်(စည်ပေါင်း ၁၃၀၀)ခန့် ယိုဖိတ်ခဲ့သည်ဟုခန့်မှန်းရကြောင်း အင်္ဂလိပ်-ဒတ်ချ် ဖက်စပ်ရေနံကုမ္ပဏီဖြစ်သော ရှဲလ်ကုမ္ပဏီက ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသော ရေနံယိုဖိတ်မှုဖြစ်ကြောင်း၊ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှု လေ့လာရေးဌာနက ပြောကြားသည်။

မြောက်ပင်လယ်၌ အဆိုးရွားဆုံးသော ရေနံယိုဖိတ်မှုအတွက် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် မိမိတို့အရေးတကြီး တုံ့ပြန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရှဲလ်ကုမ္ပဏီ စက်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ဂလင်းကေလေးက ပြောကြားသည်။

ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပြီးနောက် ကမ်းလွန်ရေနံတွင်းကို ဩဂုတ် ၁၀ရက်က ပိတ်ခဲ့သည်။ ကမ်းလွန်ရေနံတူးစင်၏ ရေနံသွယ်ယူသောပိုက်လိုင်းအတွင်း ကျန်ရှိနေသော ရေနံဆက်လက်ယိုဖိတ်မှု မဖြစ်ပေါ်စေရန် ရှဲလ်ကုမ္ပဏီက ဆောင်ရွက်ခဲ့သည်။

ဂန်းနက်အယ်လ်ဖာရေနံတူးစင်၌ ရေနံယိုဖိတ်မှုဖြစ်ပွားခဲ့ပုံကို အတိအကျဖော်ပြခြင်းမရှိဘဲ ထိမ်ချန်မှုရှိသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများက ဝေဖန်ခဲ့ကြသည်။ **အင်တာနက်။**

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေး ကုလသမဂ္ဂမှတစ်ဆင့် ကြိုးပမ်းမည်ဟုဆို

ဂါဇာစီးတီး ဩဂုတ် ၁၆

အနောက်ဘက်ကမ်း အရှေ့ဂျေရုဆလင်နှင့် ဂါဇာကမ်းမြောင်ဒေသတို့ကိုအခြေခံကာ ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် ကုလသမဂ္ဂမှတစ်ဆင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်း အထက်တန်းနိုင်ငံရေးသမားတစ်ဦးက ဩဂုတ် ၁၅ရက်တွင် ပြောကြားသည်။ သို့ရာတွင် ယင်းသို့ပြောဆိုချက်သည် နိုင်ငံရေးအရ လှုံ့ဆော်မှုတစ်ရပ်သာဖြစ်ကြောင်း အစ္စရေးနိုင်ငံက ဝေဖန်လိုက်သည်။

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို ချဉ်းကပ်မည့် အစီအစဉ်နှင့်ပတ်သက်၍ ပါလက်စတိုင်း ဥပဒေပြုအမတ်တစ်ဦးက ပထမဆုံးအကြိမ် ပွင့်ပွင့်လင်းလင်းပြောကြားခြင်းဖြစ်သည်။

နိုင်ငံရေးအရ ရွေးချယ်ပိုင်ခွင့်နည်းလမ်းအမျိုးမျိုးကို အသုံးပြုကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တစ်ဆင့်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံမှတစ်ဆင့်လည်းကောင်း ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းဥပဒေပြုကောင်စီ အလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင် ဟာနန်အက်ရှ်ရာဝီက ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် ကုလသမဂ္ဂ၌ မဲခွဲဆုံးဖြတ်သည့်တိုင်အောင် လက်တွေ့အကောင်အထည်ပေါ်လာရန် ခဲယဉ်းမည်ဖြစ်သော်လည်း အစ္စရေးနိုင်ငံကို ဖိအားပေးမှုတစ်ရပ်ဖြစ်စေနိုင်သည်ဟု ပါလက်စတိုင်းတို့က ယူဆကြသည်။

နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ခြင်းမရှိဘဲ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရရှိရန် ပါလက်စတိုင်းတို့က လျှောက်ထားမည်ဆိုပါက မိမိတို့နှင့် စစ်ပွဲဖြစ်ပွားလာနိုင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်က ပြောကြားခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံ၌ အဆင့်မြင့်ပညာဆည်းပူးသူ အမျိုးသမီးဦးရေ ထူးထူးကဲကဲတိုးတက်

ပေကျင်း ဩဂုတ် ၁၆

တရုတ်နိုင်ငံ၌ စီးပွားရေးတိုးတက်လာခြင်း၊ ပညာရေးအတွက် အစိုးရကငွေကြေးပိုအသုံးစွဲလာခြင်းနှင့် မိသားစုစီမံကိန်း မူဝါဒချမှတ်ကျင့်သုံးခြင်းတို့၏ အကျိုးတရားအဖြစ် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများသို့ တက်ရောက်သော အမျိုးသမီးဦးရေမှာ မကြုံစဖူး ထူးထူးကဲကဲပိုမိုများပြားလာကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသမိုင်းတွင် ခေတ်ပညာအတတ်ဆုံး အမျိုးသမီး မျိုးဆက်တစ်ဆက်ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ မြို့ကြီးများ၌ ပညာတတ်အမျိုးသမီးအင်အားစုကြီးထွားလာခဲ့ပြီး အဆင့်မြင့်ပညာသင်ယူသော အမျိုးသားနှင့် အမျိုးသမီးဦးရေအချိုးအစား ပိုမိုညီညွတ်မျှတလာကြောင်း သတင်းတွင်ဖော်ပြသည်။

၁၉၇၈ ခုနှစ်က တရုတ်နိုင်ငံရှိ ကောလိပ်များနှင့် တက္ကသိုလ်များသို့ တက်ရောက်သူဦးရေအနက် ၂၄ ဒသမ ၂ ရာခိုင်နှုန်းသာလျှင် အမျိုးသမီးများဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ဘွဲ့ကြိုပညာဆည်းပူးသူဦးရေ၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ပြီး ဘွဲ့ရဦးရေ၏ ၄၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ အစီရင်ခံစာတွင် ဖော်ပြသည်။ အိန္ဒိယနိုင်ငံနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံ၌ အဆင့်မြင့်ပညာဆည်းပူးသူဦးရေ၏ ၃၇ ဒသမ ၆ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ **ဆင်ဟွာ။**

လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ခံရ၍ သတ်သေခဲ့သူ အမျိုးသမီးအမှု ဘင်္ဂလားဒေ့ရှ် စုံစမ်းစစ်ဆေး

ဒါကာ ဩဂုတ် ၁၆

အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ရပ်ကြောင့် လူ့အဖွဲ့အစည်းအတွင်းမှ ဖယ်ကြဉ်ခံခဲ့ရသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသူ အမျိုးသမီးတစ်ဦးသည် ၎င်း၏ ရင်သွေးများနှင့်အတူ ရထားအောက်ခုန်ချ၊ ရထားကြိတ်ခံ၍ အဆုံးစီရင်ခဲ့ကြရာ ယင်းပြဿနာနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဟာဘီဂန်ဂျီခရိုင်ရှိ ဩဇာရှိသော ကျေးရွာလူကြီးများသည် ဖာဒိုစီအက်ခ်တာအမည်ရှိ အမျိုးသမီးအား ခင်ပွန်းဖြစ်သူ ပြည်ပအလုပ်ထွက်လုပ်ခိုက် အိမ်နီးချင်းတစ်ဦးနှင့် ဖောက်ပြန်ခဲ့သည်ဟု စွပ်စွဲကာ လူ့အသိုင်းအဝိုင်းအတွင်းမှ ဖယ်ကြဉ်သင့်ကြောင်း မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

အိမ်ထောင်ရေးပြစ်ချက်ဖြင့် လူ့အသိုင်းအဝိုင်းအတွင်းမှ ဖယ်ကြဉ်ခံခဲ့ရသော ဖာဒိုစီအက်ခ်တာသည် အသက်(၈)နှစ်မှ (၁၂)နှစ်အကြား ရင်သွေးလေးဦးအား ခေါ်ဆောင်ကာ ခုတ်မောင်းနေသော ရထားရှေ့သို့ခုန်ချကာ ဘဝဇာတ်သိမ်းရန် ကြိုးပမ်းခဲ့ကြောင်း ဒေသန္တရရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ရထားရှေ့သို့ ခုန်ချကာ သေကြောင်းကြံစည်ခဲ့သည့် ဖာဒိုစီအက်ခ်တာနှင့်အတူ ရင်သွေးနှစ်ဦးသေဆုံးခဲ့ပြီး ကျန်ရင်သွေးနှစ်ဦးမှာ ဒေသန္တရဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသန္တရရဲတပ်ဖွဲ့အကြီးအကဲနှင့် တာဝန်ရှိသူများအား ရုံးတော်သို့ လာရောက်အစစ်ဆေးခံရန် ဆင့်ခေါ်ထားကြောင်း ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဩဇာရှိသော ရွာသားများစုစည်း၍ အခွင့်အာဏာမရှိဘဲ တရားစီရင်ဆုံးဖြတ်မှုများအား နှိမ်နင်းရန် ဘင်္ဂလားဒေ့ရှ်အစိုးရကို လူ့အခွင့်အရေးအုပ်စုများက တိုက်တွန်းခဲ့ကြသည်။

အင်တာနက်။

အာဆီယံအဝေးပြေးလမ်းမကြီးဖောက်လုပ်နေသော လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံ အဝေးပြေးလမ်းမကြီး၌ ပါဝင်မည့် လမ်းပိုင်းကို ကမ္ဘောဒီးယား၌ ဖွင့်လှစ်

ဖနောင်ပင် ဩဂုတ် ၁၆

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ဒေသဆိုင်ရာ အဝေးပြေးလမ်းမကြီး စီမံကိန်း၌ပါဝင်သော အမှတ်(၁) ပြည်ထောင်စုလမ်းမကြီး၏လမ်းပိုင်းကို ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁၆ရက်က ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော် ဖနောင်ပင်နှင့် ဗီယက်နမ်နိုင်ငံ၏ ဟိုချီမင်းမြို့တို့ကို ဆက်သွယ်မည့် အာဆီယံ အဝေးပြေးလမ်းမကြီး၏ ကိုးကီလိုမီတာအရှည်ရှိ လမ်းပိုင်းအတွက် ဖွင့်ပွဲအခမ်းအနားကျင်းပရာတွင် ဝန်ကြီးချုပ် ဟွန်ဆန်တက်ရောက်ကာ မိန့်ခွန်းပြောကြားသည်ဟု သတင်းတွင်ပါရှိသည်။

အဆိုပါလမ်းပိုင်းကို ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးအထောက်အပံ့ အမေရိကန်ဒေါ်လာ ၂၅သန်းဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာလ၌ စတင်ဖောက်လုပ်ခဲ့သည်။

အသစ်ဖွင့်လှစ်လိုက်သော လမ်းပိုင်းပါဝင်သည့် အမှတ်(၁) ပြည်ထောင်စုလမ်းမကြီးသည် ကမ္ဘောဒီးယားနိုင်ငံကို ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ပေးနိုင်မည့်လမ်းကြီးဖြစ်ကြောင်း၊အဆိုပါလမ်းမကြီးသည် နိုင်ငံတောင်ပိုင်း စီးပွားရေးဇုန်နယ်မြေ၌ပါဝင်ပြီး ဟိုချီမင်းစီးတီး၊ ဖနောင်ပင်နှင့် ဗန်ကောက်မြို့များကို ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဒေသတွင်း အဝေးပြေးလမ်းမကြီးကွန်ရက်သည် ပြည်သူများကူးလူးသွားလာရန်နှင့် ကုန်စည်များသယ်ယူပို့ဆောင်ရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အာဆီယံအဝေးပြေးလမ်းမကြီးပေါ်၌ တည်ရှိမည့် နိုလိုအန်းတံတားကို ဂျပန်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ယင်းတံတားတည်ဆောက်မှုပြီးစီးသည့်အခါ ကမ္ဘောဒီးယားနိုင်ငံ၏ လမ်းပိုင်းအပါအဝင်ဖြစ်သော အာဆီယံအဝေးပြေးလမ်းမကြီး အပြည့်အဝ လှုပ်ရှားသက်ဝင်လာမည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။ **ဆင်ဟွာ။**

အစ္စရေး အထူးတပ်ဖွဲ့ သုံးဖွဲ့အား စစ်ရေးအကူအညီမပေးရန် အမေရိကန်လွှတ်တော်အမတ်တောင်းဆို

တဲလ်အဗစ် ဩဂုတ် ၁၆

လူ့အခွင့်အရေး ချိုးဖောက်ခဲ့ကြောင်း သံသယရှိရသည့် အစ္စရေးစစ်ဘက် လက်ရွေးစင်အထူးတပ်ဖွဲ့ သုံးဖွဲ့သို့ ပေးအပ်လျက်ရှိသော အမေရိကန်ပြည်ထောင်စု၏ စစ်ရေးအကူအညီများအား ရပ်ဆိုင်းရန် အမေရိကန်အထက်လွှတ်တော်အမတ် ပက်ထရစ်ခ်လေဟိုင်းက တောင်းဆိုခဲ့ကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ်သတင်းစာတွင် အင်္ဂါနေ့က ဖော်ပြထားသည်။

အစ္စရေးရေတပ်၏ ရှာရေတက်အမည်ရှိ အထူးတပ်ဖွဲ့၊ အစ္စရေးကြည်းတပ်၏ ဒေါ့ဗ်ဒေဗင်း(ချယ်ရီ)အမည်ရှိ အထူးတပ်ဖွဲ့နှင့် လေတပ်၏ ရှယ်လ်ဒက်ဂ်အမည်ရှိ အထူးတပ်ဖွဲ့များအား ကူညီထောက်ပံ့မှုများကို အမေရိကန်ပြည်ထောင်စုက ပြန်လည်ရုပ်သိမ်းရန် အထက်လွှတ်တော်အမတ် ပက်ထရစ်ခ်လေဟိုင်းက ဆန္ဒရှိသည်။

ယုံကြည်ထား

ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းဒေသများ၌ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သော အစ္စရေးအထူးတပ်ဖွဲ့များသည် လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျူးလွန်ခဲ့ကြောင်း အမေရိကန် အထက်လွှတ်တော်အမတ် ပတ်ထရစ်ခ်လေဟိုင်းက ယုံကြည်ထားသည်ဟု ဟာရက်ဇ်သတင်းစာတွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ အထူးသဖြင့် ၎င်း၏ အထူးတပ်ဖွဲ့သုံးဖွဲ့သို့ စစ်ရေးအကူအညီများပေးအပ်မှုကို ကန့်သတ်နိုင်မည့် ဥပဒေကြမ်းတစ်ရပ်အားရေးဆွဲရန် လေဟိုင်းကဆန္ဒရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပါဝင်နေ

အစ္စရေးအထူးတပ်ဖွဲ့သုံးဖွဲ့အား စစ်ရေးအကူအညီများ ထောက်ပံ့ပေးအပ်မှုသည် ၂၀၁၂ ခုနှစ် အမေရိကန်၏ ပြည်ပသို့ ကူညီထောက်ပံ့မှုဆိုင်ရာ သတ်မှတ်ချက်၌ တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်ဟုဆိုသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုကျူးလွန်ကြောင်း ယူဆရသော ပြည်ပတပ်ဖွဲ့များကို ၁၉၉၇ ခုနှစ် ဥပဒေတစ်ရပ်အရ အမေရိကန်ပြည်ထောင်စုက စစ်ရေးအကူအညီများ ပေးခွင့်မရှိပေ။

အင်တာနက်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြန်မာ့ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်လုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ကြံသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရန်လိုအပ် သကြားစက်ရုံများ ကုန်ကြမ်းပိုမိုရရှိပြီး သကြားစက်လုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များအား ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် စပါးသီးနှံဧကသန်း ၂၀ စိုက်ပျိုးနေသော တောင်သူလယ်သမားများ၏ အခန်းကဏ္ဍသည် အရေးကြီးဆုံးဖြစ်သည့်နည်းတူ စိုက်ဧကလေးသိန်းရှိသော ကြံသီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် ကြံသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကြံသီးနှံထုတ်ကုန်များ ဖွံ့ဖြိုးလာမှုနှင့်အတူ သကြားစက်ရုံများ အရှိန်အဟုန်တိုးတက်ရရှိစေမည့် အကျိုးဆက်အပြင် ပြည်တွင်းသကြားစားသုံးမှု ဖူလုံလာမည်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်လုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့သည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြန်မာ့ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်များဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်သော ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် ကြံစိုက်ပျိုးထုတ်လုပ်ကြသည့် ကြံတောင်သူများအတွက် ဈေးကွက်ယှဉ်ပြိုင်မှုအရ တွက်ခြေကိုက်သော ဈေးနှုန်းရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ကြံသီးနှံအပေါ် တောင်သူတစ်ဦးချင်း တွက်ခြေကိုက် အကျိုးရှိခြင်းအားဖြင့် စိုက်လိုအားပိုမိုမြင့်မားလာစေခြင်းအကျိုးနှင့် ကြံသီးနှံ၏အရည်အသွေးတိုးတက်မြင့်မားလာမည်ဖြစ်ပြီး သကြားစက်ရုံများအတွက် ကုန်ကြမ်းပိုမိုရရှိစေနိုင်မည်ဖြစ်သည့်အတွက် ကြံသီးနှံလုပ်ငန်းနှင့် သကြားစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုအကျိုး အမှန်တကယ်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က ကြံသီးနှံကုန်ကြမ်း စိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားစက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်ထုတ်လမ်းများ၏ အရေးပါမှုနှင့် စိုက်ပျိုးရေစနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေး လိုအပ်ချက်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများအကြား ကြံတောင်သူများအကျိုးကို အထူးဦးစားပေးပြီး ဦးထမ်းပဲ့ထမ်း ညီညွတ်စွာဆောင်ရွက်ကြရန် လိုအပ်ကြောင်းကို လည်းကောင်း ပြောကြားကြသည်။

ထို့နောက် သကြားစက်လုပ်ငန်းရှင်များဖြစ်ကြသည့် ယုဇန ကုမ္ပဏီလီမိတက်မှ ဦးဌေးမြင့်၊ International Gate Ways Co.,Ltd. မှ ဦးနိုင်ထွန်းဇော်၊ Delicious Food Co.,Ltd. မှ ဦးဇော်ဝင်းတို့က စက်ရုံဝန်ထမ်းများနှင့် ကြံတောင်သူများ၏ လက်ရှိအခြေအနေမှ ဝင်ငွေနှင့်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် အထူးဦးစားပေးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကြံသီးနှံကုန်ကြမ်းလုံလောက်စွာရရှိရေး ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး ကြံသီးနှံစက်ရုံမှူးများက ယခုနှစ်စိုက်ပျိုးရာသီတွင် ကြံစိုက်ဧကများ၏ အခြေအနေ၊ ကုန်ကြမ်းရရှိနိုင်မှု အလားအလာ၊ ယခုနှစ် ကြံစိုက်ရာသီဖြစ်သည့် အောက်တိုဘာလကုန်တွင် စက်များ အချိန်မီ လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲ သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**(ဝဲပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည် ဖြစ်သည်။ (ကြေးမုံ)

စစ်ကိုင်း၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပမည်

စစ်ကိုင်း ဩဂုတ် ၁၆

စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ဓမ္မဒူတမောင်မယ် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဓမ္မဒူတဒေါက်တာအရှင် ဆေကိန္ဒ ဆရာတော်က ငွေကျပ် သိန်းပေါင်း ၁၅၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပြီး ၁၁၄ ပေ × ပေ ၃၀ ရှည်လျားသော အဆောက်အအုံ၌ စာသင်ခန်း ခြောက်ခန်းတွဲနှင့် စာသင်ခုံပရိဘောဂအစုံပါ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်သည်။

အဆိုပါရက်ညပိုင်းတွင် DREAM-LOVER တီးဝိုင်းဖြင့် စိုင်းစိုင်းခမ်းလှိုင်နှင့် နာမည်ကြီးအဆိုတော်များက ဘောလုံးကွင်းအတွင်း၌ သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်သည်။

(၅၃)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ ဇူလိုင် ၂၇ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်အောင်နှင့်အဖွဲ့ အများပြည်သူစားသုံးရန်မသင့်သည့် သက်တမ်းကုန်၊ သက်တမ်းလွန် ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မူလတန်းကျောင်းများသို့ ဗလာစာအုပ်လှူဒါန်း

ပဲခူး ဩဂုတ် ၁၆

ပဲခူးမြို့ ဝေဠုဝန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိသာလ ဓမ္မာစရိယ [စာရေးဆရာ ရဲဝေအောင် လေးမြေ]သည် သက်တော် (၅၀)ပြည့် မွေးနေ့အလှူအဖြစ် ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာမူလတန်းကျောင်း၊ အဘားကျေးရွာမူလတန်းကျောင်း၊ လေးသိမ်စုကျေးရွာ မူလတန်းကျောင်း အမှတ်(၁)၊ အမှတ်(၂)တို့မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် စုစုပေါင်း ၈၄ ဒါဇင်ကို ပေးအပ်လှူဒါန်းခဲ့သည်။ (ကြေးမုံ)

ဧရာဝတီ၊ သံလွင်နှင့် ဝေနိမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

***ဧရာဝတီမြစ်ရေ**သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၅၂ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀ စင်တီမီတာ (သုည ဒသမ ၃ ပေခန့်) ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။*

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၆၀ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၅ စင်တီမီတာ (ပေဝက်ခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

***သံလွင်မြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၇ စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အောက်သို့ကျဆင်းနိုင်သည်။*

***ဝေနိမြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၀၄၉ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (သုည ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။* (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၈:၄၅ ၉။ International News
၈:၅၀ ၁၀။ "ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ"
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၅ ၄။ သီချင်းကြီးပဒေသာ
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၀၅ ၈။ International Science News
၅:၁၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၅:၂၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၀ ၁၄။ ရွှေရင်ခုန်သံ
၆:၅၅ ၁၅။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်မှုများ" (ဘတ်စကက်ဘော)
၇:၁၅ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
၇:၂၀ ၁၇။ "စိုက်ပျိုးစွမ်းအားပြည်ထွန်းကား"
၇:၄၀ ၁၈။ အေဝမ်းစိုးမြင့် ဝိုင်းသံစုံတူရိယာဖျော်ဖြေခန်း
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၈၅)**
၂၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ "ကွက်စိပ်ပြိုင်ပွဲ" [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (ပထမဆု) "သောတ္တိသေနသမ္ဗုလဇာတ်" (ဦးသက်ဇော်) (မန္တလေးတိုင်းဒေသကြီး)
၂၅။ အစီအစဉ်ပြီး၏။

Falcon ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

Han Yadanar Tin Co.,Ltd.က ကြီးမှူးကျင်းပသော Falcon Mega Sales Bonanza ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။ ဆက်လက်၍ ဟန်ရတနာတင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကား ပြောကြား၍ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးသည်။ **(ဝဲပုံ)**

သုံးလကျင်းပမည်

ထို့နောက် Falcon အင်ဂျင်ဝိုင် ဈေးရောင်းပွဲကို ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ သုံးလတိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)

ကျောင်းသားလူငယ်ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ဒေါက်တာအောင်ထွဏ်း

(ကျန်းမာရေးဝန်ကြီးဌာန)

ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်ပညာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ၂၀၁၁ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ကျောင်းကျန်းမာရေး

နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှုစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် 'ကျောင်းကျန်းမာရေးလုပ်ငန်း' စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဆောင်ရွက်မှုများ

မြန်မာနိုင်ငံ ကျောင်းကျန်းမာရေးစီမံချက်၏ ထူးခြားသော လှုပ်ရှားမှုဖြစ်သည့် မြန်မာနိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားကျန်းမာရေးသုတေသနကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထောက်ပံ့မှုနှင့် အမေရိကန်နိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့၏ နည်းပညာပံ့ပိုးမှုဖြင့် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများနှင့် တစ်ပြေးညီဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနလုပ်ငန်းသည် (၁၃-၁၅) နှစ် ကျောင်းသားလူငယ်များ၏ အစားအသောက်ဆိုင်ရာ အလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားအားကစားခြင်း၊ ကာကွယ်သောအချက်များ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုနှင့် ပတ်သက်သော အသိပညာများ၊ အကြမ်းဖက်မှုနှင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ စသည်ဖြင့် ကျန်းမာရေးနှင့်သက်ဆိုင်သည့် အန္တရာယ်ရှိသော အပြုအမူများနှင့် သေဆုံးမှုအဖြစ်များသော ရောဂါများဖြစ်စေသော အကြောင်းအရာများအား သိရှိစေရန် ရည်ရွယ်ပါသည်။

၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားကျန်းမာရေးသုတေသနကို သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသားလူငယ်များအားလုံးကို ကိုယ်စားပြုရန် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတစ်ဝန်းရှိ ကျောင်းပေါင်း ၅၀ ပါဝင်ပြီး ကျောင်းသားတစ်ဦးကို မေးခွန်းပေါင်း ၇၂ ခု ဖြေဆိုစေပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့်နိုးနွှယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life style) ပိုင်ရှင်များ ဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်။

နည်းဗျူဟာများ

လူထုကျန်းမာရေးစောင့်ရှောက်မှုစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များတွင် ပါဝင်သည့် ကျန်းမာရေးဆိုင်ရာ ဦးတည်ချက်၊ အမျိုးသားကျန်းမာရေးမူဝါဒပါ လမ်းညွှန်ချက်များ၊ အမျိုးသားလူဦးရေမူဝါဒပါ လမ်းညွှန်ချက်များ၊ ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များအပေါ် အခြေခံ၍ ပဉ္စမကျန်းမာရေးစောင့်ရှောက်မှုအခြေခံသဘောတရားဖြင့် အောက်ပါမဟာဗျူဟာများဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးအသိပညာများ ရရှိ၍ ကျန်းမာရေးအလေ့အကျင့်ကောင်းများ ကျင့်သုံးတတ်ပြီး လူနေမှုဘဝဟန် (Healthy Life Style) ရရှိစေရန် ကျောင်းဆရာ၊ ဆရာမများအတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေး၊ သင်တန်းဆရာသင်တန်းအား ဗဟို၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင် ကျင်းပ၍ ကေဒါဆရာများမွေးထုတ်ပေးခြင်းနှင့် နည်းလမ်းမျိုးစုံဖြင့် ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း။

(ခ) ကျောင်းကျန်းမာရေးလုပ်ငန်းလွှမ်းခြုံမှုကို လျာထားချက်အတိုင်း ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သောကျောင်းကျန်းမာရေးဆိုင်ရာ လူအင်အားနှင့် ပစ္စည်းအင်အားတို့အား ပိုမိုဖြည့်ဆည်းပေးခြင်း။

(ဂ) ကျောင်းကျန်းမာရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ကွပ်ကဲလမ်းညွှန်နိုင်ရန် ဗဟို၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးကော်မတီအဆင့်ဆင့်အား စနစ်တကျဖွဲ့စည်း၍ အဆင့်ဆင့်လုပ်ငန်းကြီးကြပ်ဆောင်ရွက်ခြင်း။

(ဃ) ကျောင်းကျန်းမာရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များအား တိကျစွာ ဖော်ထုတ်၍ ကျောင်းကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်ခြင်း။

(င) ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနအပါအဝင် နီးနွှယ်ဌာနများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်ခြင်း။

(စ) ကျောင်းကျန်းမာရေးလုပ်ငန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးများ၊ အကူအညီများရရှိရေးအတွက် ကုလသမဂ္ဂနှင့် ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်း။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၅ ခုနှစ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး၌ ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီသည့်ရည်မှန်းချက် လုပ်နည်းလုပ်ဟန်တို့နှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ကြရန် စတင်လှုံ့ဆော်ခဲ့ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲတိုးတက်မြင့်မားအောင် ဆောင်ရွက်နေသောလုပ်ငန်းပင်ဖြစ်သည်။ စင်စစ် ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။ ယခုအခါ မြို့နယ်အားလုံးတွင် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှ စတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက် လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန(သို့မဟုတ်) မြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းကြီး (၉)ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း

(၈) သင်တန်းနှင့် သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့် ကာယလုပ်ငန်း

၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်းတွင်ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နီးနွှယ်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအစီအစဉ်များ

ကျောင်းကျန်းမာရေးသီတင်းပတ်ဖြစ်သော ၂၀၁၁ ခုနှစ် ဩဂုတ်လ ၈ ရက်မှ ၁၂ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်ကို အထူးဆောင်ရွက်ခဲ့ပါသည်-

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊

(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊

(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊

(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊

(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊

ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ်ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် အာဟာရဌာနနှင့်ပူးပေါင်း၍ UNICEF တို့၏ ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ မြို့နယ်များမှ မူလတန်းကျောင်းသား စုစုပေါင်း ငါးသန်းခန့်အား ၂၀၁၁ ခုနှစ် ဩဂုတ်လမှစ၍ ကျောင်းကျန်းမာရေး သီတင်းပတ်အထိ သန်ချဆေးများ တိုက်ကျွေးခဲ့ပါသည်။

ကျောင်းသားလူငယ်ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ကျန်းမာရေးဝန်ကြီးဌာနသည် ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေးကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့် ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀၊ မိခင်ကလေးကျန်းမာရေးဌာန ၅၂ ခုနှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက် (မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းအား တစ်နိုင်ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ကျောင်းသည် လူမှုအဖွဲ့အစည်းတွင် အခြေခံအကျဆုံးသော အဖွဲ့အစည်းဖြစ်သောကြောင့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးသာမက ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးတိုးတက်စေရန် ဆောင်ရွက်နိုင်သည့် အခွင့်ကောင်းများဖြစ်ပါသည်။ ထိုသို့ရရှိစေရန် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့်လုပ်ကိုင်ရပါမည်။

ကျောင်းကျန်းမာရေး စီမံချက်များ၏ အောင်မြင်မှုနှင့် အကျိုးဖြစ်ထွန်းမှုသည် ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သော စီမံခန့်ခွဲမှုများပေါ်တွင် များစွာမူတည်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အရေးပါလှသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ နီးနွှယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နှစ်စဉ်မပျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

ဒို့တာဝန်အရေးသုံးပါး စွမ်းဆောင်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အရေးကြီး အခြေခံပညာရေးကဏ္ဍက ပိုပြီး အဓိကကျ၍ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၆

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက် ကာကွယ်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်အောင် စွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည့် အင်အားသုံးရပ်တောင့်တင်းခိုင်မာရန် လိုအပ်ကြောင်း၊ အင်အားသုံးရပ်တောင့်တင်းရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါးကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် မဖြစ်မနေလိုအပ်သည့် အား သုံးပါးရရန် အဓိကကျသည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development)ကို အဓိကဆောင်ရွက်ပေးနိုင်မည့် ကဏ္ဍသည် ပညာရေးကဏ္ဍပင်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာရေးကဏ္ဍ (Basic Education Sector)က ပို၍အဓိကကျကြောင်း၊ နိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့- အဖွဲ့ဝင် ဦးခင်မောင်အေး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၉ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

တောင်ကြီး ဩဂုတ် ၁၆

ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၏ စီမံမှုဖြင့် တောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးပြုံးချိုနှင့် ဝန်ထမ်းများသည် (၁၈)နှစ်ပြည့်နှင့် (၁၀)နှစ်ပြည့် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် မြို့ပေါ်ရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ အရည်အချင်းပြည့်မီသူ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။ (ကြေးမုံ)

ကျောင်းကျန်းမာရေး အာဟာရ ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် အထက(အင်းတိုင်)တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ ဒေါ်သီသီတင်မိသားစုက မူလတန်းကျောင်းသား၊ ကျောင်းသူများအား နို့သာဂူတိုက်ကျွေးစဉ်။ (ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ အုန်းပင်စုရပ်ကွက် မြဝတီလမ်းနေ ဦးမျိုးအောင်-ဒေါ်ပြုံး (တက်နေဝန်းသစ်စက်) မိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားရင်ပြင်ရှိ ဂေါပကရုံးအဖြစ်အသုံးပြုနေသည့် မေယုဒ တန်ဆောင်း အမိုးပြုပြင်ရန်အတွက် ဩဂုတ် ၁၄ ရက်(မေတ္တာအခါတော်နေ့)က အလှူငွေကျပ် ၇၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ လက်ခံစဉ်။ (၅၉၄)

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း | အေဝမ်းစိုး

My Wife is a Gangster ကိုရီးယားရုပ်ရှင် တရုတ်ပြန်လည်ရိုက်ကူးမည်

၂၀၀၁ ခုနှစ်က ကိုရီးယားရုပ်ရှင်ကား My Wife is a Gangster ဇာတ်ကားကို တရုတ်နိုင်ငံက ပြန်လည်ရိုက်ကူးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဇာတ်ကားကို မူလထုတ်လုပ်ခဲ့သည့် Hyunjin Cinema ကုမ္ပဏီလီမိတက်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတို့က အဆိုပါဇာတ်ကားကို ပြန်လည်ပူးပေါင်းထုတ်လုပ်ရန် လွန်ခဲ့သည့် သောကြာနေ့က တရားဝင်ဆွေးနွေးခဲ့ကြသည်။ My Wife is a Gangster ကိုရီးယားရုပ်ရှင်ကားကို တရုတ်နိုင်ငံက ပြန်လည်ရိုက်ကူးရာတွင် My Wife is a Master ဟု အမည်ပြောင်းလဲရိုက်ကူးမည်ဖြစ်ပြီး ယင်းဇာတ်ကားရိုက်ကူးရန်အတွက် တရုတ်ယွမ် သန်း ၄၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ဤဇာတ်ကားတွင် တရုတ်အနုပညာရှင်များနှင့် ကိုရီးယားအနုပညာရှင်များ ပူးပေါင်းရိုက်ကူးမည်ဖြစ်သကဲ့သို့ ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်း ၉၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ရိုက်ကူးမည်ဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းခန့်ကို ကိုရီးယားနိုင်ငံတွင် ရိုက်ကူးမည်ဖြစ်သည်။ ယင်းဇာတ်ကားသည် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ် ၂၀ မြောက် အထိမ်းအမှတ်အဖြစ် ရိုက်ကူးခြင်းလည်း ဖြစ်သည်။

လွန်ခဲ့သည့် ၁၀ နှစ်က My Wife is a Gangster ရုပ်ရှင်ကားပြသခဲ့စဉ်က ပရိသတ် ငါးသန်းကျော် ကြည့်ရှုအားပေးခဲ့ပြီး မင်းသမီး ရှင်အွန်ကျောင်းက ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သည်။ **အင်တာနက်။**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လမ်းမတော်နေ ဒေါ်အေးကြည် မိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သတ္တုတူးဖော်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhongchuan International Mining Holding Co.,Ltd. မှ Vice-Chairman Mr.Charles Yan နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ညောင်ရွှေမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲကျင်းပ

ညောင်ရွှေ ဩဂုတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ရေအားလျှပ်စစ်စက်ရုံမုခ်ဦးရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းတင်တို့က ရေအားလျှပ်စစ်စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဝင်းမြင့်က ရေအားလျှပ်စစ်ဓာတ်အားလိုင်းကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ၂၄ နာရီ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံကို ၂၀၀၆ ခုနှစ် မေ ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဇူလိုင် ၁၄ ရက်မှစတင်ကာ စက်ရုံမှ ဓာတ်အားများကို ကျေးရွာအိမ်ထောင်စုပေါင်း ၂၀၀ ကျော်တို့မှ ၂၄ နာရီသုံးစွဲနေကြရပြီဖြစ်ကြောင်းနှင့် ကျေးရွာပြည်သူများ၏ လုပ်အားနှင့် ကုန်ကျငွေကျပ် သိန်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။ (၆၇၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အစ္စရာသုတ္တန်"တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၆း၃၅ ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၀)**
- ၈း၅၀ ဆက်ကပ်လှူဒါန်း ရှင်သာမဏေသင်္ကန်း
- ၉း၀၀ လမ်း(၃၀)ဆေးခန်း၏ ဗီဝိတဒါနနှင့်လေ့လာရေးခရီးစဉ်
- ၉း၁၅ Activities in The City
- ၉း၂၅ အားကစားမြင်ကွင်းစုံ
- ၁၀း၀၀ လှူဒါန်းပူဇော်နတ်စင်တစ်ရာကျောင်းတိုက်မှဗုဒ္ဓဘိသေကအနေကဇာတင်နှင့် ဝါဆိုမြတ်သင်္ကန်းအလှူတော်
- ၁၀း၁၅ မွေခံထိုက်စေ
- ၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၀း၅၅ သင်ယူလေ့လာဂီတပညာ
- ၁၁း၂၅ ကြောင်ပန်းတောရတိုက် ဘုရားထီးတင်ပွဲ
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ Activities in The City
- ၁၂း၃၀ ပိုးလေးဖက်နာရောဂါနှင့် သွေးလေးဖက်နာရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၁း၀၀ "အစ္စရာသုတ္တန်"တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၁း၅၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့ဃာရရုပ်ရှင်တော်မြတ်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၈)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၀)**
- ၅း၀၀ Activities in The City
- ၅း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၅ Activities in The City
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲများ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၉)**
- ၇း၂၀ Cartoon Show Time
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သင်ကြားရေးလမ်းညွှန်
- ၈း၅၀ Celebrity Style
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၁)**
- ၁၀း၂၀ Industrial Talk
- ၁၀း၅၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၁း၁၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်) (ဇီဝကမ္မဗေဒ)
- ၁၁း၄၀ လှပချစ်စရာလက်မှုအနုပညာ
- ၁၂း၀၅ အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁၂း၂၀ ဖန်တီးသူနှင့်အနုပညာ
- ၁၂း၅၀ Orchard Families (အပိုင်း-၁)
- ၁း၁၅ World of Knowledge
- ၂း၀၀ ရလဒ်ကောင်းများနှင့် Organic
- ၂း၁၅ ရောင်စုံရသနီယွန်ည
- ၂း၄၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၂း၅၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၃း၂၀ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၃း၅၀ လယ်တီသာသနာ လယ်တီကျောက်စာ
- ၄း၂၀ ပူဇော်လှူဒါန်းကြာသင်္ကန်း
- ၄း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Portugal) (LIVE)

ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများ ဗီယက်နမ် ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်ဆွေးနွေး

လာရောက်တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Ho Xuan Hung နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Ho Xuan Hung နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ရတနာပုံ) ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ရတနာပုံ)ကို ရေရှည်တည်တံ့ခိုင်မြဲရေး အမြဲစစ်ဆေးကြပ်မတ် ယာဉ်လမ်းကြောင်း အမှတ်အသား၊ လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျစိုက်ထူ

နေပြည်တော် ဩဂုတ် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်ကိုင်းခရိုင် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး စစ်ကိုင်းခရိုင်အတွင်းရှိ လမ်း/တံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ခရိုင်အတွင်းရှိ လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ခရိုင်အတွင်းရှိ B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ပေးရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့နှင့် မြို့နယ်ခွဲတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် မှာကြားပြီး ရုံးခန်းများနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းမြို့ ဇေယျာရတနာ ငွေစုငွေချေးအသင်းရုံးသို့ ရောက်ရှိ၍ တာဝန်ရှိသူများအား တွေ့ဆုံပြီး ပြည်သူများ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် စစ်ကိုင်းခရိုင်၌ ဇေယျာရတနာငွေစုငွေချေးအသင်းကို စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့၌ ဖွဲ့စည်းထူထောင်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအတွက် အကျိုးပြုဆောင်ရွက်သော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ရိုးရိုးသားသား၊ သစ္စာရှိရှိဖြင့် စည်းလုံးညီညွတ်မှုဖြင့် ရာသက်ပန် အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတံတား(ရတနာပုံ)၌ တံတားကြီးကြံ့ခိုင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးကြပ်မတ်ပေးရန်၊ ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊ မန္တလေးဘက်ကမ်း၌ ယာဉ်များဖြတ်သန်းရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ထားသည့် ယာဉ်လမ်းကြောင်း အမှတ်အသားသင်္ကေတများ၊ လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျ စိုက်ထူဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (စကားအင်း-တံခွန်တိုင်အပိုင်း)လမ်း/တံတား လုပ်ငန်းဆောင်ရွက်နေမှု၊ နေပြည်တော်-တောင်ညိုလမ်းအပိုင်း လမ်းချဲ့ခြင်း၊ Box Culvert များ ပြန်လည်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကွေ့အကောက်များသည့် နေရာများ၌ ကတ္တရာလမ်း တဖြောင့်တည်းဖြစ်အောင် ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လျှပ်တစ်ပြက်
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၀၀ ၇။ ရွှေးဟောင်းသုတ
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၉၁)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာ မင်းသားလေး (အပိုင်း -၄၈)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၅)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဘတ်စ်ကားစီးကြသူများ (ကောင်းပြည့်၊ ဂျူးဂျူးကေ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၀)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဆောင်ရွက်

ဩဂုတ် ၁၆ ရက်က ရွှေကျင်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

SSA (ဝမ်ဟိုင်း)အဖွဲ့က ဈေးအတွင်း ဝင်ရောက်ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူငါးဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၆

SSA (ဝမ်ဟိုင်း)အဖွဲ့သည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်ကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် မန်စန့်ကျေးရွာရှိ အဖိတ်ဈေးနေ့ ဈေးအတွင်း ဈေးသွားဈေးလာများ စည်ကားလျက်ရှိနေစဉ် SSA (ဝမ်ဟိုင်း)အဖွဲ့က ဝင်ရောက်ပစ်ခတ်ခဲ့ရာမှ ၄၀ မမ ဗုံးသီး ခြောက်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးဖြစ်သည့် မောင်စိုင်းခမ်းပန်(၆)နှစ်နှင့် မနန်းမွေခေါင်(၁၀)နှစ်တို့ အပါအဝင် မနန်းရွှေစိန်(၂၃)နှစ်၊ ဦးလုံးမောင်(၄၀)နှစ်နှင့် ဦးလုံးစော (၄၀)နှစ်တို့ ငါးဦး ဗုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မန်စန့်ရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအုန်း၏နေအိမ် မီးလောင်ပျက်စီးခဲ့သည်။

ဒဏ်ရာရရှိသူများအား မိုင်းရယ်ဆေးရုံနှင့် လားရှိုးဆေးရုံတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

❊ ကျောဖုံးမှ

အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညဏ်လင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆက်လက်ကျင်းပသော အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကောင်စီအစည်းအဝေးနှင့် အာဆီယံ-မဲခေါင်ချိုင့်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီ အစည်းအဝေးများ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ရုရှားစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ-အမေရိကန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက်တွင် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-မဲခေါင်ချိုင့်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ-ကိုရီးယားဆွေးနွေးပွဲနှင့် အာဆီယံ စီးပွားရေး ဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးအတိုင်ပင်ခံ ကောင်စီညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ညှိနှိုင်းအစည်းအဝေး၊ အာဆီယံ-အိန္ဒိယညှိနှိုင်းအစည်းအဝေး၊ အာဆီယံ-အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အလွတ်သဘောတွေ့ဆုံပွဲနှင့် အာဆီယံ-ဂျပန် ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။

အစည်းအဝေးများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် မိုက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုက်ခရိုစီးပွားရေးဖွံ့ဖြိုးရန် ဆက်လက်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်သွားမည့် အစီအစဉ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ မြှင့်တင်ဆောင်ရွက်ရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Chen Deming၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် အထည်အလိပ်ဝန်ကြီး H.E Anand Sharma တို့နှင့် အလွတ်သဘောတွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ဒေသအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ပြီး တိုင်းပြည်စီးပွားရေး တိုးတက်လာမည်

နေပြည်တော် ဩဂုတ် ၁၆

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၃/၂၀၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် စက်မှုဆိုင်ရာဆပ်ကော်မတီ ဆပ်ကော်မတီ(၁၂)ရပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမည်ဖြစ်ပြီး ပြည်သူများအတွက် ကောင်းမွန်ပြည့်စုံသည့် အခြေခံ စီးပွားရေးအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ဒေသအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ လူနေမှုဘဝ အဆင့်အတန်းလည်း မြင့်မားတိုးတက် ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍများကို ပိုမိုမြင့်မားတိုးတက်လာအောင် စွမ်းဆောင်ရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်သူများအနေဖြင့် သုံးစွဲသူများ စိတ်ကျေနပ် လက်ခံနိုင်မည့် အရည်အသွေးနှင့် အရည်အချင်းပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် စက်မှုလုပ်ငန်း တိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ စားသောက်ကုန်၊ ဆေးဝါး၊ အထည်လိပ်၊ ဓာတုဗေဒနှင့် လူသုံးကုန်ပစ္စည်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ နေထိုင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ သံနှင့် သံမဏိလုပ်ငန်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ ရော်ဘာနှင့် ရော်ဘာပစ္စည်း ဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လူ့စွမ်းအား အရင်းအမြစ် မြှင့်တင်ရေးဆပ်ကော်မတီ၊ စွန့်ပစ်ပစ္စည်း/သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မြှင့်တင်ရေး ဆပ်ကော်မတီနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီတို့ အနေဖြင့်လည်း မိမိတို့ကော်မတီအလိုက် ဖွဲ့စည်းပေးထားသည့် တာဝန်နှင့် ဝတ္တရားများကို တက်တက်ကြွကြွကျေပွန်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အချင်းချင်း တိုင်ပင်ဆွေးနွေးကာ အမြင်ချင်းဖလှယ်၍ အချိန်နှင့်အမျှ တွန်းတွန်းတိုက်တိုက်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

တက်ညီလက်ညီ

စားသောက်ကုန် ထုတ်လုပ်မှုများအနေဖြင့်လည်း ပြည်ပပို့ကုန် တင်ပို့မှုကို ပိုမိုတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သွင်းကုန်တင်သွင်းမှုကို လျှော့ကျသွားစေရန် စွမ်းဆောင်နိုင်မှသာ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ထို့အတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် တက်ညီလက်ညီ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စက်မှုဆိုင်ရာ အထောက်အကူပြု ဆပ်ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် စက်မှုဆိုင်ရာ ဆပ်ကော်မတီများ၏ ဥက္ကဋ္ဌများက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဆပ်ကော်မတီအလိုက် ကဏ္ဍအသီးသီးတွင် စီမံဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ လက်ရှိဆောင်ရွက်နေဆဲ ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရဘဲ ကော်မတီအလိုက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများက အမြင်ချင်း၊ အသိချင်း၊ အတွေ့အကြုံချင်း ဖလှယ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တတ်အားသရွေ့ ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လိုအပ်သည့် ရင်းနှီးငွေများရရှိရေး ကူညီစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား ISO Standard အဆင့်ရရှိသည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

ကလေးသူငယ်ဥပဒေပုဒ်မ အပိုဒ်(၃၂)အရ ကလေးသူငယ်များအတွက် အထောက်အကူပြု ဆန်းစစ်ချက်ရလဒ်များအခြေခံပြီး အနာဂတ်ကြယ်ပွင့်လေးများ၏ အကျိုးစီးပွားကို ဆောင်ရွက်

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့် သင်တန်းကျောင်းများ ပြုစုစောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များ၏ အခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၆

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၀၉ ခုနှစ်တွင် ဂေဟာ၊ သင်တန်းကျောင်းများ၌ အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ (Minimum Standards of Care and Protection for Children in Residential Facilities) စာအုပ်ကို ပြုစုထုတ်ဝေကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော ဂေဟာများ၊ သင်တန်းကျောင်းများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဖြန့်ဝေပေးပြီးနောက် ယင်းစာအုပ်တွင်ပါဝင်သည့် အနိမ့်ဆုံးစံချိန်စံညွှန်းများကို ဂေဟာ၊ သင်တန်းကျောင်းများက လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေကို လေ့လာဆန်းစစ် အကဲဖြတ်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၁ ခုနှစ် မတ်လအထိ အချက်အလက်ကိန်းဂဏန်းများ ကောက်ယူပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း။

အသေအချာဆောင်ရွက်

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် ရည်မှန်းချက်လေးခုချမှတ်ခဲ့သကဲ့သို့ ဆောင်ရွက်ခဲ့သည့် နည်းစနစ်များကိုလည်း အပိုင်းခုနစ်ပိုင်းနှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ထားသည့် ပရဟိတဂေဟာများနှင့် မှတ်ပုံတင်ထားခြင်း မပြုရသေးသည့် ဂေဟာပေါင်း ၁၄၇ ခုကို ရွေးချယ်လေ့လာခဲ့ပါကြောင်း၊ လေ့လာအကဲဖြတ်မှုအရ ရှေ့ဆက်လုပ်ငန်းစဉ်လေးခုရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများမှာ (၁)အနိမ့်ဆုံးစံသတ်မှတ်ချက်များကို ညွှန်ကြားချက်တစ်ခုအနေဖြင့် ထုတ်ဝေရန်နှင့် ကလေးများပြုစုစောင့်ရှောက်သည့် ဂေဟာများ၊ သင်တန်းကျောင်းများသို့ ဖြန့်ဝေမှုပေးရန်တို့အပြင် ခိုင်မာသော ဥပဒေတစ်ရပ်ဖြစ်လာစေရန်၊ (၂)ကလေးများ ပြုစုစောင့်ရှောက်သည့်ဌာနများအားလုံးတွင် အနိမ့်ဆုံးစံသတ်မှတ်ချက်များ အကောင်အထည်ဖော်ခြင်းကို သေချာစွာဆောင်ရွက်စေရန်၊ (၃)စံသတ်မှတ်ချက်များကို သေချာစွာ အကောင်အထည်ဖော်ခြင်းနှင့် စစ်ဆေးရေးနည်းလမ်းများ ပိုမိုခိုင်မာလာစေရန်နှင့် (၄)အနိမ့်ဆုံးစံသတ်မှတ်ချက်များသည် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ နည်းလမ်းအသစ် လမ်းညွှန်ချက်များနှင့်အညီ အသေအချာ ဆောင်ရွက်ကြရန်တို့ ဖြစ်ပါကြောင်း။

ကလေးများအတွက် လုပ်ဆောင်ခဲ့သည့် သုတေသနလေ့လာဆန်းစစ်ချက်၏ နောက်ဆက်တွဲ လုပ်ငန်းများအဖြစ် ကလေးသူငယ်ဥပဒေပုဒ်မ အပိုဒ်(၃၂)အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ သုတေသန လေ့လာဆန်းစစ်ချက်များမှ ရရှိလာသည့် ရလဒ်များကို အခြေခံပြီး အနာဂတ်ကြယ်ပွင့်ကလေးများဖြစ်သည့် သားရတနာ သမီးရတနာကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့် သင်တန်းကျောင်းများ ပြုစုစောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များ၏ အခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသည်။

ထို့နောက် ယူနီဆက်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Anupama Rao Singh က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံယူနီဆက်ဌာနေ ကိုယ်စားလှယ် Mr. Ramesh Sherstha တို့က လေ့လာဆန်းစစ်တွေ့ရှိချက်စာအုပ်များကို တာဝန်ရှိသူများထံပေးအပ်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာများနှင့် သင်တန်းကျောင်းများ ပြုစုစောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များ၏ အခြေအနေလေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်း အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်း၊ ဂေဟာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စာအုပ်မျိုးစုံနှင့် ပရိဘောဂပစ္စည်း လှူဒါန်း

ကျောက်တန်း ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ စင်မကော်ကျေးရွာအုပ်စု စင်မကော်ကျေးရွာရှိ သုတရိပ်မွန် စာကြည့်တိုက်အတွက် တံတားမြို့နယ်ခွဲရှိ ဌာနဆိုင်ရာများ စုပေါင်း၍ စာအုပ်မျိုးစုံနှင့် ပရိဘောဂပစ္စည်းများကို ဩဂုတ် ၉ ရက်က လှူဒါန်းခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

ဩဂုတ် ၇ ရက်က ပညာတံခွန် စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲကို လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ကံလှကျေးရွာ၌ကျင်းပရာ ကံလှကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၂၉)

ရာစုဥဒါန်းစာကြည့်တိုက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

သန်လျင် ဩဂုတ် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက် လစဉ်ပုံမှန်အစည်းအဝေးနှင့် နှစ်နှစ်ပြည့် အခမ်းအနားကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၇ ရက်က အဆိုပါစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ စာကြည့်တိုက်အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွဋ်က စာကြည့်တိုက်အတွက် ငွေကျပ်လေးသောင်းကျော်တန်ဖိုးရှိ သုတစာအုပ်မျိုးစုံ အုပ်ရေ ၅၀ အား လှူဒါန်းကြောင်း သိရသည်။

(၈၀၆)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ရန်ကုန် ဇုန် (၁)နှင့် ဇုန် (၂) အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ ညနေပိုင်းတွင် ကမာရွတ်မြို့နယ် သထုံလမ်း တက္ကသိုလ်များဘောလုံးကွင်း၌ ကျင်းပသည့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ရန်ကုန် ဇုန်(၁) နှင့် ဇုန်(၂) အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ တက္ကသိုလ်များ ဘောလုံးလက်ရွေးစင်များ ပေါ်ထွန်းလာရေးအတွက် ဇုန်အဆင့်ဘောလုံးပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ၏ အားကစားနှင့်ပညာရေးပေါင်းစပ်မှု အသီးအပွင့်များအဖြစ် တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဖြစ်ရေး ကြိုးပမ်းရန်နှင့် နောင်မဝေးတော့သည့် ကာလအတွင်း ဉာဏ်ရည်မြင့်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ဦးဆောင်သည့် မြန်မာ့အားကစားလောက အောင်မြင်မှုရရှိလာမည်ကို ယုံကြည် မျှော်လင့်ကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ လှူဒါန်းသော ငွေကျပ်သိန်း ၃၀နှင့် ဘောလုံး အလုံး ၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးက လက်ခံသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်လက်ရွေးစင်ဟောင်း (Old Blue) များ သရုပ်ပြခြေစမ်းကစားပွဲနှင့် အဖွင့်ပွဲစဉ် အဖြစ် ရန်ကုန်တက္ကသိုလ်အသင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားသည့် ပွဲကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ကြိုတင်ဆောင်ရွက်ထားမှု ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၆

၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရေး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ဆောင်ရွက်ထားမှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားဝန်ကြီး ဌာန(ရုံးအဖွဲ့မှူး) ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးထွန်းမြင့်ဦးက ပွဲစဉ်များ ရေးဆွဲတင်ပြနိုင်ရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပြည်သူများ အားတက်သရော စိတ်ပါဝင်စားလာစေရေး သတင်းထုတ်ပြန်ကြားပေးနေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က နည်းစနစ်ပိုင်း/ လေ့ကျင့်ရေး ပိုင်းဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးကျော်ဦးက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူများသိရှိစေရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အားကစားသမားများ ရွေးချယ်ထားမှု၊ နည်းစနစ်များ၊ အားကစားနည်း အလိုက်ပွဲစဉ်များ ရေးဆွဲတင်ပြနိုင်မှု၊ စည်းကမ်းပိုင်း ဆောင်ရွက်ထားရှိမှု၊ (၂၆) ကြိမ်နှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့အတွက် ဆောင်ရွက်ထားရှိမှုနှင့် သွေးသစ် အားကစားသမား ရှာဖွေစုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး၊ ထွက် ပွဲစဉ်ဆက်

နေပြည်တော် ဩဂုတ် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံး/ထွက် (ဒုတိယ)ပွဲစဉ်အဖြစ် အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ အားကစားဝါသနာရှင်များ တစ်ခဲနက်အားပေးကြသည်။ ပွဲပြီးဆုံးချိန်အထိ တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်နေသဖြင့် ပယ်နယ်တီ ကန်သွင်းရာ ဟိုတယ်/ခရီး ဝန်ကြီးဌာနအသင်းမှ လူမှုဝန်ထမ်းဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး - ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဟိုတယ်/ခရီးဝန်ကြီးဌာန - ခြောက်ဂိုး နှင့် **လူမှုဝန်ထမ်းဝန်ကြီးဌာန - ငါးဂိုး**

(အိုင်မင်းချစ်၊ ကြည်ထွန်း၊ အာကာမင်း၊ ဇော်ဝင်းထွန်း၊ ဇော်လွင်ဦး၊ အောင်မျိုးဦး)

(ဖြိုးပိုင်ဦး-နှစ်ဂိုး၊ ထွန်းထွန်းနိုင်၊ ဝေလင်းနိုင်၊ ကျော်ဇေယျ)

(ဒိုင်) ဦးအောင်သူ(အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး)

အမှတ်(၂)နေပြည်တော်အားကစားကွင်း၌ ဩဂုတ် ၁၇ ရက်တွင် တတိယပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

ဟိုတယ်/ခရီး ဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ကျောဖုံးမှ

၂၀၁၄ ခုနှစ်တွင် ဘရာဇီး၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များတွင် အောင်မြင်မှုရရှိရေးဟူသော တရုတ်ပြည်သူများ၏ မျှော်လင့်ချက်များကို မိမိသိရှိနားလည်ပါကြောင်း၊ အဆိုပါ တာဝန်ကို ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်ထားပါကြောင်းဖြင့် အသက် (၅၆) နှစ် အရွယ်ရှိ ကမာချိုက ပြောကြားသည်။

တရုတ်တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ အသက် (၄၅) နှစ်အရွယ်ရှိ နည်းပြဟောင်း ကောက်ဟုန်ပို၏ ကိုင်တွယ်မှုအောက်တွင် တရုတ်ဘောလုံးအသင်းသည် ၂၀၁၁ အာရှဖလားဘောလုံးပြိုင်ပွဲ၌ သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ရလဒ်ဖြင့်အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က တရုတ်နိုင်ငံ အလယ်ပိုင်း ပောဖေးတွင် ကျင်းပခဲ့သည့် ချစ်ကြည်ရေးဘောလုံးပွဲတွင်လည်း ဂျမေကာကို တစ်ဂိုး-ဂိုးမရှိ နှာတစ်ဖျားအသာဖြင့်သာ အနိုင်ရခဲ့သည်။

ဆင်ဟွာ

ဟန်သစ်

အမေရိကန် ဆုကြေးစားဂေါက်သီးအားကစားသမား ကီဂန်ဘရက်ဒလေ ယူအက်စ် ပီဂျီအေဆုဖလား ဆွတ်ခူး

လန်ဒန် ဩဂုတ် ၁၆

အမေရိကန်ဆုကြေးစားဂေါက်ရိုက် ကစားသမား ကီဂန်ဘရက်ဒလေက ပြိုင်ဘက်ကစားသမား ဂျက်ဆန်ဒက်ဖ်နာ ကို အနိုင်ယူကာ ယူအက်စ်ပီဂျီအေ ချန်ပီယံရှစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ ဆုဖလားမှာ ပတ်လည်ပြိုင်ပွဲကြီးတွင် ၎င်း၏ ပထမဆုံးသော ဆုဖလားဖြစ်ပြီး ယင်းကဲ့သို့ရရှိခဲ့ခြင်းကြောင့် အမျိုးသား ကမ္ဘာ့ဂေါက်သီးအကျော်အမော်များ စာရင်းတွင် အဆင့်ပေါင်း ၇၉ ဆင့် ခုန်တက်နိုင်ခဲ့သည်။

အသက် (၂၅)နှစ်အရွယ် ဘရက်ဒလေသည် သုံးကျင်းရိုက်ပြိုင်ပွဲ၌ နှစ်ကျင်းကို ရှစ်ချက်ဖြင့် ရိုက်နိုင်ခဲ့ပြီး နောက်ဆုံးကျင်းကို တစ်ချက်တည်းဖြင့် ဝင်အောင်ရိုက်နိုင်ခဲ့သည်။

၎င်းနှစ်ကျင်း ရိုက်ပြီးချိန်တွင် ၎င်း၏ ပြိုင်ဘက် ဒက်ဖ်နာမှာ ရိုက်ချက် ၁၅ ချက်ရှိနေကာ ၎င်းက ငါးချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ယခုကဲ့သို့ နောက်ဆုံးကျင်းကို တစ်ချက်တည်းဖြင့် ဝင်အောင်ရိုက်နိုင်ခဲ့ခြင်းက ၎င်းအတွက် ဆုဖလားရယူနိုင်ရန် သေချာစေခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲစတင်ကျင်းပစဉ်က ၎င်းသည် အဆင့် (၁၀၈) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း ယခုကဲ့သို့ အောင်မြင်မှုရယူနိုင်ခဲ့ခြင်းကြောင့် ၇၉ ဆင့် ခုန်တက်ကာ အဆင့် (၂၉) တွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ပြိုင်ဘက် ဒက်ဖ်နာမှာလည်း ယခင် အဆင့် (၈၀) မှ (၃၈) အထိ တက်လာခဲ့သည်။

ကမ္ဘာ့အဆင့် (၁) သတ်မှတ်ခံထားရသော လူကီဒိုနယ်နှင့် အဆင့် (၂) လီဝတ်ဝုဒ်တို့မှာ သုံးကျင်းပေါင်း ရိုက်ချက် ရှစ်ချက်ဖြင့် စံချိန်တင်ထားသည်။

အင်တာနက်။

အနယ်လ်ကာချယ်လ်ဆီးကို စွန့်ခွာရန် အဆင်သင့်

လန်ဒန် ဩဂုတ် ၁၆

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး အနယ်လ်ကာသည် အသင်း၏ အဖွင့်ပွဲစဉ်တွင် ဒုတိယပိုင်း၌ လူစားဝင်ကစားခွင့်ရရှိခဲ့သော်လည်း မိမိအနေဖြင့် အသင်းတွင် မပျော်ရွှင်တော့ဘဲ စတမ်းဖို့ဒ်ဘရက်ချ်ကို စွန့်ခွာရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ် ဖော်ပြောကြားလာသည်။

အနယ်လ်ကာက ၎င်းအနေဖြင့် ချယ်လ်ဆီးကို စွန့်ခွာပါက စတုတ်စီးတီးအသင်းသို့ ရောက်ရှိနိုင်ကြောင်း အရိပ်အမြွက်ပြောကြားသည်။ ချယ်လ်ဆီး နည်းပြသစ်ဗီလာဘိုစ့်အနေဖြင့် ပထမပွဲ ထွက်စာရင်းတွင် ဖာနန်ဒိုတောရက်စ်နှင့် ဒရော့ဘာတို့ကိုသာ ထုတ်သုံးဖွယ်ရှိနေခြင်းကြောင့် အနယ်လ်ကာအနေဖြင့် အသင်းပြောင်းရန် စဉ်းစားလာခြင်းဖြစ်သည်။ လက်ရှိချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်းတွင် ဖာနန်ဒိုတောရက်စ်၊ ဒရော့ဘာ၊ စတာရက်ချ်၊ ကာလူးနှင့် မာလူဒါတို့အပြင် လူငယ်တိုက်စစ်မှူး ရိုမီယူလူကာကူလည်း ရောက်ရှိ လာမည်ဖြစ်၍ အနယ်လ်ကာမှာ ပထမပွဲထွက် လူစာရင်းတွင် ပါဝင်ရန် မသေချာတော့ပေ။

Goal



စတမ်းဖို့ဒ်ဘရက်ချ်ကို စွန့်ခွာရန် အဆင်သင့်ဖြစ်နေသည့် အနယ်လ်ကာ။

စပါးမှ ရော်ဘီကိန်း LA ဂလက်ဆီသို့ ပြောင်းမည်

လန်ဒန် ဩဂုတ် ၁၆

စပါးအသင်းမှ အိုင်ယာလန် တိုက်စစ်မှူး ရော်ဘီကိန်းသည် အမေရိကန်မေဂျာလိဂ်ကလပ် LA ဂလက်ဆီသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိသွားခဲ့ပြီဖြစ်သည်။

အသက်(၃၁)နှစ်ရှိ အဆိုပါ အိုင်ယာလန်သားသည် LA ဂလက်ဆီအသင်းသို့ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့ကစားရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ရော်ဘီကိန်းနှင့် LA ဂလက်ဆီတို့၏ အပြောင်းအရွှေ့ကိစ္စမှာ အမှန်တကယ်ဖြစ်ကြောင်းကို ကိန်း၏အေးဂျင့်ဖြစ်သူ ဆန်ဂျို့စ်က ထောက်ခံပြောဆိုသွားသည်။ LA ဂလက်ဆီအသင်းတွင် အင်္ဂလန်ငွေကြေးယ်ပွင့် ဒေးဗစ်ဘက်ခမ်းနှင့် တွဲကစားရမည်ကို ပျော်ရွှင်နေသည့် ရော်ဘီကိန်းမှာ စပါးတွင် ခြေစွမ်းမပြနိုင်ခဲ့ခြင်းကြောင့် နည်းပြဟယ်ရီရက်ဒ်နက်ပ်၏ ဥပေက္ခာပြုခြင်းကို ခံရသူဖြစ်သည်။

The Sun

ယခု ကချင်ပြည်နယ်အတွင်း မငြိမ်မသက် ဖြစ်ပွားလာပြီး ပြည်နယ်တည်ငြိမ်အေးချမ်းမှု အားနည်းလာ ပြည်နယ်သူ ပြည်နယ်သားအားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့မှု အပြည့်အဝမခံစားနိုင်ကြတော့ နှစ်ဖက်ခေါင်းဆောင်များမှ မေတ္တာကရုဏာရှေ့ထားပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ပေးရန် အသနားခံ

နေပြည်တော် ဩဂုတ် ၁၆

ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုကိုယ်စားလှယ်များဖြစ်ကြသော တိုင်းလုံမျိုးနွယ်စုမှ ဦးစိုင်းမောင်ရွှေ၊ ဦးစိုင်းယီကျန်၊ ဦးစိုင်းထွန်းဖေ၊ ဦးစိုင်းအိုက်ပုနှင့် ဦးစိုင်းအိုက်၊ တိုင်းခမ်းတီး မျိုးနွယ်စုမှ ဦးစောနွဲ့ဆားတော်နှင့် ဦးစောဆွေ၊ တိုင်းလိုင်မျိုးနွယ်စုမှ ဦးမြတ်ခိုင်၊ ဦးခင်အောင်နှင့် ဦးစိုင်းစိန်အုန်း၊ တိုင်းဆာမျိုးနွယ်စုမှ ဦးမာဂမ်၊ တိုင်းလေမျိုးနွယ်စုမှ ဦးစိုင်းအောင်စိန်တို့ ၁၂ ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်တွင် ထာဝရငြိမ်းချမ်းရေး ရရှိအောင် အသနားခံတင်ပြခြင်း ခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ တင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အတွင်း ကချင်မျိုးနွယ်စုများဖြစ်သည့် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ ရှမ်းမျိုးနွယ်စုများဖြစ်သည့် တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းခမ်းတီး၊ ဗမာနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများမှာ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်ကြပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဝမ်းသာအားရစွာဖြင့် ခံစားခဲ့ကြရပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးအဖွဲ့များ၏ မေတ္တာစေတနာဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်နယ်အတွင်းတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဖြင့် စိတ်ချမ်းမြေ့စွာနေထိုင်ခဲ့ပြီး မျိုးနွယ်စုအလိုက်၊ မိသားစုအလိုက် လူမှုရေး၊ စီးပွားရေး ကိစ္စများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

၃။ ယခု ကချင်ပြည်နယ်အတွင်း မငြိမ်မသက် ဖြစ်ပွားလာပြီး ပြည်နယ်တည်ငြိမ်အေးချမ်းမှု အားနည်းလာသည့်အတွက် လက်ရှိနေထိုင်လျက်ရှိသည့် ပြည်နယ်သူ ပြည်နယ်သားအားလုံးသည် ကိုယ်စိတ်နှလုံး ချမ်းမြေ့မှု အပြည့်အဝမခံစားနိုင်ကြတော့ပါ။

၄။ သို့ဖြစ်ပါ၍ နှစ်ဖက်သောခေါင်းဆောင်များမှ မေတ္တာကရုဏာရှေ့ထားပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများမှ အထူးအသနားခံ တင်ပြအပ်ပါသည်။

ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုကိုယ်စားလှယ်များ

(သတင်းစဉ်)

(၄၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၌ မိုက်ခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

အင်ဒိုနီးရှားသမ္မတနိုင်ငံ မာနာဒိုမြို့၌ ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက်တွင် စတင်ကျင်းပရာ အခမ်းအနားသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Boediono တက်ရောက် ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း အင်ဒိုနီးရှားသမ္မတနိုင်ငံ မာနာဒိုမြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အားကစား

တရုတ်ဘောလုံးအသင်းနည်းပြတာဝန် စပိန်နည်းပြဟောင်းကို ခေါ်ယူတာဝန်ပေး

ပေကျင်း ဩဂုတ် ၁၆

တရုတ်ဘောလုံးအသင်းသည် စပိန်အမျိုးသားဘောလုံးအသင်း၏ နည်းပြဟောင်းဖြစ်သူ ဟိုဆေးအန်တိုနီယိုကမာချိုအား ၎င်း၏ ပြည်တွင်းနည်းပြ ကောက်ဟုန်ပို၏ နေရာတွင် တနင်္ဂနွေနေ့က အစားထိုးခန့်အပ်လိုက်သည်။

နည်းစနစ်ပိုင်းဆိုင်ရာ အတွေ့အကြုံနှင့် သမ္မာရင့် စပိန်နည်းပြသည် သုံးနှစ်ကန်ထရိုက်စာချုပ်တစ်ရပ်ကိုချုပ်ဆိုကာ ၎င်း၏ဒုတိယမြောက် ကိုင်တွယ်ရသည့်အမျိုးသားအဆင့်ဘောလုံးအသင်းဖြစ်သောတရုတ်ဘောလုံးအသင်းကို တာဝန်ယူသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

ဩဂုတ် ၁၃ရက်က ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော စပိန်နည်းပြဟောင်း ဟိုဆေးအန်တိုနီယိုကမာချို။

အာဆင်နယ်ခေါင်းဆောင်သစ် ရော်ဘင်ဗန်ပါစီဖြစ်လာ

လန်ဒန် ဩဂုတ် ၁၆

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီကို အသင်း၏ခေါင်းဆောင်သစ်အဖြစ် အတည်ပြုလိုက်ပြီဖြစ်သည်။

၂၀၀၄ ခုနှစ် မေလက စတင်၍ အာဆင်နယ်သို့ ရောက်ရှိနေခဲ့သော အသက် (၂၈) နှစ်အရွယ်ရှိ ဟော်လန်နိုင်ငံသား ဗန်ပါစီမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဘာစီလိုနာသို့ ပြောင်းရွှေ့သွားပြီဖြစ်သော ဖာဘရီဂက်စ် ထမ်းဆောင်ခဲ့သည့် တာဝန်ကို လွှဲပြောင်းရယူကာ အသင်းခေါင်းဆောင်လက်ပတ်ကို ဝတ်ဆင်ရတော့မည်ဖြစ်သည်။ *အင်တာနက်။*